

# ဒဂုန်ရွှေမျှား

# မျက်လုံးပေါင်းတစ်ထောင်

နှင့်

အခြားဝတ္ထုတိုများ

# (၁)

# ပျောက်ဆုံးနေသော ရွှေမြို့တော်

သိုက်ဆိုသည် မှာ လူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ လူအများ သော်လည်းကောင်း မိမိတို့ ၏ မြောက်မြားလှစွာသော ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ ကို လျှို့ဝှက်မြှုပ်နှံထားသောနေရာဖြစ် ၏။ ရှေးခေတ်မှ လူများ သည် မိမိတို့ ပစ္စည်းဥစ္စာများကို မိမိတို့ တစ်သက်တွင် စားသောက်သုံးစွဲ၍ မကုန်နိုင်အောင်ရှိသောအခါ နောင်လာနောက်သားများ တွေ့ရှိသုံးစွဲစေရန်သော်လည်းကောင်း အခြား ရည်ရွယ်ချက်တစ်ခုဖြင့် သော်လည်းကောင်း အလွန်လျှို့ဝှက်အပ်သော နေရာတစ်ခုတွင် သိုဝှက်မြှုပ်နှံ ၍ ထားခဲ့တတ်လေသည် ။ တစ်ခါတစ်ရံ ယင်းကဲ့သို့ မြှုပ်နှံထားသည့်နေရာကို မြေပုံအတိုင်းအထွာ ပြုလုပ်၍ ဖြစ်စေ၊ စကားထာ, စကားဝှက်ပြုလုပ်၍ ဖြစ်စေ လမ်းကြောင်းပြုလုပ်ထားခဲ့ကြ၏။ စည်းစိမ် ဥစ္စာကုံလုံကြွယ်ဝသော သူဌေးများ သာမဟုတ်၊ တစ်ခါတစ်ရံ တောပုန်းဓားပြကြီးများ ၊ ပင်လယ်ဓားပြ ဂိုဏ်းများ သည် လည်း ၎င်းတို့ တိုက်ခိုက်ရရှိသော အဆမတန် မြောက်မြားလှစွာသော စိန်ရွှေရတနာကို အထက်ပါနည်းအားဖြင့် သိုဝှက်ထားခဲ့တတ်ကြလေသည် ။

တစ်ခါတစ်ရံ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရွှေ့ပြောင်းသယ်ယူလာသော အစိုးရဘဏ္ဍာတော် ရွှေငွေ ပစ္စည်းတို့ သည် လည်း မတော်တဆ သင်္ဘောပျက်သည့်အခါများ တွင် နက်ရှိုင်းလှစွာသော သမုဒ္ဒရာ ရေအော

က်သို့ ကျရောက်ပြီး သဘော်ပျက်သည့်နေရာကို အတိအကျမသိသောအ ခါများ ၌ အချိန် ကာလကြာမြင့်သောအခါ သမိုင်းဝင်သိုက်ကြီးများ သဖွ ယ် ကျန်ရစ်ခဲ့လေသည် ။

အခြားသိုက်တစ်မျိုးလည်း ရှိသေး၏။ ယင်းသည် ကား ရှေးနှစ်ပေါင်းများ စွာက အကယ်ပင် ရှိခဲ့၍ ယခုခေတ်တွင် သတ္တလော ကနယ်မှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် အမှတ်မထင်တွေ့ရှိရသော ' ရှေးမြို့ဟောင်းကြီးများ 'ဖြစ်လေသည် ။

ယခုရေးသားအံ့သော အကြောင်းများမှာ ယခုနောက်ဆုံးဖော်ပြသ ည့် ရှေးနှစ်ပေါင်းများ စွာက တည်နေခဲ့သည့် 'မြို့ဟောင်းကြီး' တစ်မြို့နှ င့် ၎င်းအား စွန့်စားရှာဖွေခဲ့သော အာဇာနည်ပုဂ္ဂိုလ်များ အကြောင်းပင်ဖြစ်လေသည် ။

တောင်အမေရိတိုက်'ဗိုလီးဗီးယား'နယ်နှင့်'ဗရာဇ'နယ်စပ်ကြား လောက်ရှိ ဆီးနှင်းများ မပြတ်ဖုံးအုပ်လျက်ရှိသော အင်ဒီးတောင်တန်းကြီး၏ တောင်ထွတ်များ ဝန်းရံကာ အလွန်နက်စော က် လှသည့် နေရာတစ်နေရာတွင် ကျယ်ပြန့်သော ကုန်ပြင်မြင့်တစ်ခုရှိ ၏။ ထိုကုန်းပြင်မြင့်ကြီး တစ်နေရာတွင် လူတို့ ၏ ယဉ်ကျေးမှုစတင် သော အချိန်လောက်မှ စ၍ အလွန်အထက်တန်းကျသော လူဖြူမျိုးတစ် မျိုး နေထိုင်ခဲ့လေသည် ။ ဤကဲ့သို့ နေထိုင်ခဲ့ကြောင်း ထင်ရှားသော သ က်သေခံတစ်ခုရှိ ၏။

ယင်းသက်သေခံသည် ကား အခြားမဟုတ်။ ဘရာဇီးနယ်'ရီယိုဒီဂျ နေးရိုး'မြို့ အစိုးရရှေ့ တိုက်တော်ရှိ သက်ဆိုင်ရာ ဖိုင်တွဲတစ်ခုအတွင်း၌ တရိုတသေ သိမ်းဆည်းထားသည့် စာရွက်စာတမ်း ဖြစ်လေသည် ။ ယင်းစာရွက်သည် ပင် ယခုရေးသားဖော်ပြအံ့သော အတ္ထုပ္ပတ္တိ၏ အခြေ

ခံဖြစ်၍ စာရွက် သက်သေခံနံပါတ် ၅၁၂ ဖြစ်ပြီးလျှင် ခရစ်နှစ် ၁၇၃၄ ခုနှစ်တွင် ဤဖိုင်တွဲသို့ ရောက်ရှိ လာလေသည် ။ စာရွက်မှာ ဝါကြန့်ကြန့်အရောင်သို့ ပြောင်းလဲကာ ဆွေးမြည့်လုမတတ်ပင် ရှိနေလေပြီ။

ထိုဘရာဇီးကုန်းပြင်မြင့်၏ အလယ်ဗဟိုမှာ 'မာတူဂရိုးဆူး'ဟု ခေါ်တွင် ၍ ရေးနှစ်ပေါင်း များ စွာကပင် အလွန်ရက်စက်ကြမ်းကြုတ်သော တိုင်းရင်းသားလူမျိုးများ အစဉ်အဆက်နေထိုင်ခဲ့ သော နေရာဖြစ်သည့် အတိုင်း လူဖြူများ အရောက်အပေါက် အနည်းဆုံးသော နေရာတစ်ခုဖြစ်လေ သည် ။

လူရိုင်းတို့ ၏ လက်နက်သာမက ကုန်းပေါ်တွင် ကျားသစ်ကြီးများ ၊ တောကြောင်များ ၊ တောဝက်များ နှင့် ရွှံ့နွံမြစ်ချောင်းအင်းအိုင်တို့ ၌ လည်း မိကျောင်းများ ၊ အဆမတန် ကြီးမားလှသော စပါးကြီးမြွေကြီးများ နှင့် အခြားအမည်မဖော်ပြနိုင်သည့် တွားသွားတတ်သော သတ္တဝါအမျိုးမျိုးတို့ ဖြင့် ပြည့်နှက်လျက်ရှိလေသည် ။ သို့ဖြစ်၍ 'မာတူဂရိုးဆူး'သို့ ရောက်အောင်သွားသူအဖို့ မှာ သေမင်း ပြည်သို့ ရောက်အောင်သွားသည် နှင့်တူ၏။ သို့သော် အောင်မြင်ခဲ့သော လူအချို့ရှိခဲ့လေသည် ။

အထက်ဖော်ပြပါ အင်ဒီးတောင်တန်းကြီးများမှာ ဤဒေသတွင် အလွန်မြင့်မား မတ်စောက် လျက် တောင်ထွတ်များမှာ လည်း ၁၂ရာသီပတ်လုံး ဆီးနှင်းများ ဖြင့် ဖုံးအုပ်ကာ ကလပ်ပေါ်တွင် ရေခဲ မုန့်ကိုတင်၍ ထားဘိသကဲ့သို့ရှိလေသည် ။ ယင်းတောင်ထိပ်များ သည် ကား ဟိမဝန္တာတောင်တန်းမှ လွဲလျှင် ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော တောင်များ ဖြစ်၍ ဗိုလီးဗီးယားနယ်နှင့် ဘရာဇီးနယ်စပ်ကြား တွင် တောင်တန်းခုနစ်ခုထက်မနည်း ရှိလေသည် ။

ဂျက်လေယာဉ်ပျံများ နှင့် မော်တာလေးလုံးတပ် ကုန်စည်ပို့ဆောင်

သော လေယာဉ်ပျံကြီးများ သာ အထက်ပါတောင်ထွတ်များကို ဖြတ်ကျော်သွားနိုင်လေသည် ။ သာမန်မျက်စိနှင့်ကြည့်က ကျယ်ပြန့် သော ကုန်းပြင်မြင့်များကိုပင် မမြင်နိုင်ဘဲ တောင်ကြားကြီးများ နှင့် တောင်တန်းများ တစ် လျှောက်တွင် စိမ်းလဲ့ညို့မှိုင်း၍ အလွန်ထူထပ် သော တောအုပ်ကြီးများ ဖြင့် ဖုံးအုပ်လျက်ရှိသည် ကိုသာ တွေ့မြင်နိုင်၏ ။ ဆီးနှင်းတောင်ထိပ်များကို ကမ္ဘလာအစိမ်းပေါ်တွင် အဖြူစက်ကလေး များ တင်၍ နေ သကဲ့သို့ တွေ့မြင်ရလေသည် ။

*

မကြာခဏလိုပင် လေယာဉ်အငယ်စားကလေးများ သည် ထိုလူသူမ ရောက်သော တောင်တန်း ဒေသများ ပေါ်သို့ ဖြတ်သန်းရန် ကြိုးစားကြ ၏။ သို့သော် ထိုလေယာဉ်များမှာ အများအားဖြင့် ပင်ရင်း ဌာနသို့ ပြန်၍ မရောက်ကြချေ။ အသက်ကယ်လေယာဉ်များ နှင့် ကြိုးပမ်းရှာဖွေသော် လည်း မည်သည့် နေရာတွင် မျှလည်း အစအနဟူ၍ မရချေ။ အဆမတ န်မြင့်မား၍ နက်ရှိုင်းကျယ်ပြန့်လှစွာသော တောအုပ်ကြီးတို့ သည် ယင်း တို့ အား မျို၍ ပစ်လိုက်ဘိသကဲ့သို့ အစပျောက်၍ သွားကြလေသည် ။

လေယာဉ်မပေါ်မီ နှစ်ပေါင်းအတော်ကြာက ပေါ်တူဂီလူမျိုး စွန့်စားရှာဖွေသူတစ်စုတို့ သည် ရီယိုဒီဂျနေးရိုးမြို့မှ အနောက်ဘက်သို့ ရွှေနှင့်ငွေသတ္တုများကို ရှာဖွေရန် ထွက်ခွာလာခဲ့ကြရာ‘မာတူ ဂရိုးဆူး’ ကုန်းပြင်မြင့်သို့ ရောက်လာကြလေသည် ။ လပေါင်းအတော်ကြာ၍ အ လွန်ကြောက်မက်ဖွယ် ကောင်းသော ဘေးအန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံပြီးနောက် သူတို့ သည် ကျယ်ပြန့်သော လွင်ပြင် တစ်ခုသို့ ရော

က်လာကြပြီးလျှင် သူတို့ ရှေ့၌ မြို့ကြီးတစ်မြို့၏ ပုံသဏ္ဌာန်ကို ခပ်ရေးရေးမျှ အံ့ဩစွာ မြင်ကြရ၏။ အတန်ငယ်နီးကပ်လာသောအခါ နှမ်းဖတ်ကျောက်များ ကျောက်ဖြူများ ဖြင့် တခမ်း တနားဆောက်လုပ်ထားသည့် အဆောက်အအုံများကို တွေ့မြင်ရ၏။ သို့သော် ယင်းတို့ သည် ကား အကောင်းဟူ၍ မရှိလေ။ မိုးဒဏ်ကြောင့်လည်းကောင်း၊ မြေလျှင်ဒဏ်ကြောင့်သော်လည်းကောင်း ယိမ်းယိုင်ပြိုလဲကာ ရှိနေကြကုန်၏။

ကွဲအက်ပြိုကျနေသည့် မြို့တံတိုင်းကြီးပင် ရှိနေသေး၍ မြို့တံတိုင်းအတွင်းတွင် နတ်များကို ကိုးကွယ်ပသလေ့ရှိသည် ။ ရွှေဖြင့်ပြုလုပ်ထားသော ယဇ်ပလ္လင်နှင့် လျှို့ဝှက်အက္ခရာများ ထွင်းထုရေး သားထားသည့် ကျောက်ပြားချပ်ကြီးများ စွာကို တွေ့မြင်ကြရလေ၏။ သူတို့ သည် ကား ဥရောပတိုက် ယဉ်ကျေးမှုတစ်ခုကို တွေ့ရှိရပေပြီ။

ပြိုကျပျက်စီးနေသော အဆောက်အအုံအတွင်းနှင့် နံဘေးပတ်ဝန်းကျင်တို့ တွင် ရွှေဒင်္ဂါးများ ပြန့်ကျဲလျက်ရှိနေသည် ကိုလည်းကောင်း၊ တံတိုင်းကြီးများ အပြင်တွင် ကပ်၍ သတ္တုတွင်းများ နှင့်တူ သည့် တွင်းကြီးများကိုလည်းကောင်း တွေ့ကြရ၏။

သူတို့ သည် ပျောက်ဆုံးသော ကမ္ဘာကြီးတစ်ခုကိုတွေ့ပြီဟု ထိုပေါ်တူဂီလူမျိုး စွန့်စားသူ သုံးယောက်တို့ သည် ဤသတင်းကို ကမ္ဘာကသိစေရန် ချက်ချင်း နောက်သို့တုံ့၍ လူသူလေးပါးနှင့် အနီးဆုံးသောနေရာသို့ရောက်အောင် အဆောတလျင် ဆုတ်ခဲ့ကြလေသည် ။

ပါရာဂူဆူမြစ်အနီးသို့ ရောက်သောအခါ သူတို့ တွေ့ရှိပုံ သတင်းကို အကျဉ်းချုပ်ရေးသားပြီး လျှင် သူတို့ ရှေ့မှ အရင်ရောက်အောင် စေလွှတ်လိုက်၏။ ထိုခြေမြန်သမားသည် မြို့သို့ စာနှင့်အတူ ကောင်းမွန်စွာ

ရောက်လာ၏။ သို့သော် စွန့်စားရှာဖွေရေးသမားလူစုမှာ မူကား မည်သည့်အခါမျှပင် ကမ်းခြေသို့ရောက်၍ မလာတော့ပေ။ ယင်းတို့ ၏အကြောင်းကိုလည်း နောက်ထပ်တစ်စုံတစ်ရာ မကြားရတော့ချေ။

ဤသို့ဖြင့် အထက်တွင် ဖော်ပြခဲ့သော ရီယိုဒီဂျနေးရိုးမြို့ အစိုးရရွှေတိုက်ရှိ ဖိုင်တွဲအတွင်း၌ သိမ်းဆည်းထားသည့် ဆွေးမြည့်လုမတတ်ရှိနေသော စာရွက်ကလေးသည် ယခုအချိန်ထိ နှစ်ပေါင်း (၂၀၀)ခန့်မျှ အချိန်ကြာမြင့်ခဲ့လေပြီ။

စွန့်စားရှာဖွေရေးသမား သတ္တိခဲများ သည် လည်းကောင်း၊ ကျောက်စာ တူးဖော်ရေးသမားများ သည် လည်းကောင်း၊'သေလျှင်လည်း ပြီးစေတော့'ဟူသော သဘောဖြင့် စီးပွားဥစ္စာကို ဖြတ်လမ်းမှ ရှာဖွေလိုသူလူပြိန်းများ သည် လည်းကောင်း၊ မူလပေါ်တူဂီလူမျိုးများ မျက်မြင်ဒိဋ္ဌတွေ့ခဲ့ကြရသည့် 'ရွှေမြို့တော်ကြီး'ကို ဤနက်ရှိုင်းလှစွာသော တောကြီးတောင်ကြီးများ နှင့် ဆီးနှင်းများ မပြတ်ဖုံး အုပ်နေသည့် မိုးထိတောင်ထွတ်များ အကြားတွင် အသက်ကိုစွန့်၍ သွားရောက်ရှာဖွေကြကုန်၏။ သို့သော် မည်သူမျှမတွေ့ရချေ။

အမှန်အားဖြင့်သော် ဤသူများ သည် ကြိုးပမ်းရှာဖွေရာတွင် အသက်နှင့်လဲခဲ့ကြရလေသည် ။

ယင်းတို့ အနက် ထင်ရှားသော သာဓကတစ်ခုအနေဖြင့် ပြရမည် ဆိုသော်'ကာနယ် ဖော်ဆက်' (Colonel P.H.Fawcett)ဆိုသူ စစ်ဗိုလ်မှူးကြီးတစ်ဦး ဖြစ်၏။ သူသည် ဗြိတိသျှလူမျိုး စွန့်စားရှာ ဖွေသူတစ်ယောက်ဖြစ်၍ တောင်အမေရိကတိုက်သို့ ခရီးထွက်ရာတွင် အထက်ဖော်ပြပါ ဖိုင်တွဲမှ မူလ တွေ့ရှိသူ ပေါ်တူဂီလူမျိုးများ ရေးထားသည့် စာရွက်ကိုတွေ့ရှိလေသည် ။ ယင်းစာရွက်နှင့်အတူ စာဝှက် ဖြင့်ရေးထားသော

အက္ခရာများ ပါသည့် ကော်ပီများ လည်း ရှိနေသဖြင့် သူသည် ယင်းစာဝှက်တို့ ကို ပညာရှိများ ဖြင့် အနက်ပြန်စေ၏။ ပြီးစီးသောအခါ ယင်းအတ္ထုပ္ပတ္တိသည် မှုမှန်သည် ဟု ယူဆသည့် အတိုင်း သူသည် ကမ္ဘာပေါ်ရှိ လူတို့ မကြားဘူး မတွေ့ဘူးသေးသော အကြီးဆုံးသော သိုက်ကြီးကို လိုက်ရှာရန် စိတ်ကိုပိုင်းဖြတ် လိုက်လေသည် ။

ဗိုလ်မှူးကြီး ကာနယ်ဖော်ဆက်သည် ကား ကာယဗလ, ဉာဏဗလနှင့် ပြည့်စုံသူတစ်ဦးဖြစ် ၏။ စစ်ဘက်တွင် လုပ်သက်ရှည်၍ ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်နှင့်ပြည့်စုံ၏။ စွန့်စားရှာဖွေ လိုသော စိတ်ဓာတ်လည်း ရှိ၏။ သူသည် သီဟိုဠ်ကျွန်း အရှေ့ဘက်ကမ်းခြေရှိ ထရင်ကိုမာလီမြို့ ဗြိတိသျှ အမြောက်တပ်တွင် လက်ထောက်ဗိုလ်မှူးလေးအဖြစ်မှ စတင်ထမ်းရွက်လာခဲ့ရာ ရှစ်နှစ်မျှပင် ကြာခဲ့၏။ သူသည် ဗုဒ္ဓဘာသာကိုပင် ယုံကြည်သက်ဝင်သူ တစ်ဦး ဖြစ်၏။ ထိုအချိန်အတွင်း၌ သူသည် 'ကန်ဒယန်'ဘုရင်များ ထားခဲ့သော ပစ္စည်းဟောင်းများ ကိုပင် ကြိုးပမ်းရှာဖွေခဲ့သူ ဖြစ်လေသည် ။

သို့နှင့် ပထမကမ္ဘာစစ်ကြီးဖြစ်သောအခါ သူသည် အင်္ဂလန်သို့ပြန်ခဲ့၍ အနောက်ဘက် စစ်မျက်နှာတွင် အမှုထမ်းလျက်ရှိခဲ့လေသည် ။ စစ်ကြီးပြီးဆုံးသည် နှင့်တစ်ပြိုင်နက် သူသည် တောင် အမေရိကရှိ ဘရာဇီးနယ်သို့ အပြေးအလွှားသွားရောက်ပြီးလျှင် ပျောက်ဆုံးနေသော ကမ္ဘာကြီး သို့မဟုတ်'ရွှေမြို့တော်'ကိုရှာဖွေရန် စီစဉ်လျက်ရှိလေ၏။

လူများ လျှင် ခရီးကြန့်ကြာ၍ သဘောလည်း ကွဲလွဲတတ်၏။ စားရေးရိက္ခာကိုလည်း အမြောက်အမြားယူရ၍ ခရီးဖင့်နွဲ့တတ်၏။ သို့နှင့် ဖော်ဆက်သည် သူ၏ သားတစ်ယောက်နှင့် အခြား မိတ်ဆွေတစ်ယောက်ကိုသာ အဖော်ခေါ်ပြီးလျှင် ရိက္ခာနှင့်အသုံးအဆောင်များကိုလည်း ကျစ်လျ

စ် သိပ်သည်းစွာ ယူဆောင်ရန်ပြင်ဆင်လေ၏။ သုံးဦးသားတို့ သည် မိမိတို့ ရိက္ခာနှင့် အသုံးအဆောင်များ ကို မိမိတို့ ကိုယ်တိုင် သယ်ပိုးကာ သွားကြရန် ဖြစ်၏။

ထို့ပြင် သူခရီးထွက်ခြင်းကိုလည်း လုံခြုံနိုင်သမျှလုံခြုံစေရန် လျှို့ဝှက်ထား၏။ သူ၏ အကြံမှာ 'ကူယားဘား'မြို့မှ မြောက်ဘက်သို့ တောင်လတ္တီတွဒ် ၁၀ံခန့်သို့ အရောက်သွားပြီးလျှင် ထိုမှ တစ်ဖန် 'ရှင်ဂူး'နှင့်' အာရာဂွာယာ'မြစ်နှစ်သွယ်အကြားရှိ လူသူမရောက်ပေါက်ဖူးသေးသော နယ်များ ၏ ဗဟိုအချက်အချာသို့ ရောက်အောင်သွားရန် ဖြစ်လေသည် ။ ဤလမ်းစဉ်အတိုင်း လိုက်ခဲ့ပါမူ ပေါ်တူဂီ လူမျိုးများ သွားရောက်ခဲ့သည် ဆိုသော တောင်တန်းများ သို့ မုချရောက်ရမည်ဟု မျှော်လင့်လေသည် ။

သို့နှင့် ခရစ်နှစ် ၁၉၂၅ ခု၊ ဧပြီ ၂၀ ရက်နေ့တွင် ဖော်ဆက်နှင့် အဖော်နှစ်ယောက်တို့ သည် လမ်းပြနှစ်ယောက်တို့ ကို လမ်းပြစေကာ ကူယားဘားမြို့မှ ထွက်ခွာခဲ့လေသည် ။ မေလ ၂၉ ရက်နေ့သို့ ရောက်သောအခါ သူတို့ သည် 'မြင်းသေစခန်း'ခေါ် နေရာသို့ရောက်ရှိခဲ့ကြ၏။ ထိုနေရာမှ ဖော်ဆက် သည် လူသူလေးပါးရှိရာဒေသသို့ သူ၏ နောက်ဆုံးစာကို ရေးသားပေးပို့ခဲ့လေသည် ။

သူ၏ စာအဆုံး၌ အောက်ပါအတိုင်း ရေးသားထား၏။

"ကျွန်ုပ်တို့ လမ်းပြများ လည်း ဤနေရာက ထွက်ခွာသွားကြပြီ။ လူရိုင်းများ နယ်တွင်းသို့ဝင် လေလေ သူတို့ စိတ်ဓာတ် ကျဆင်းလေလေဖြစ်တော့၏။ လူရိုင်းမျိုးများ ထဲမှ ချစ်ခင်ပေါင်းသင်းနိုင် သည့်သူများ တွေ့လျှင် ရှာဖွေရပေဦးတော့မည်။ သို့သော် ယင်းကိစ္စမှာ ဖြစ်မှ ဖြစ်နိုင်ပါမည်လားဟု ကျွန်ုပ် သံသယရှိတော့သည် ..."

သူ၏ နောက်ဆုံးစာကြောင်း အဓိပ္ပာယ်အတိုင်းပင်

ဘေးရန်ကင်းရှင်းစွာ ဆက်ဆံသည့် တိုင်းရင်းသားလူရိုင်းများ တွေ့လိမ့်မည်မဟုတ်ပေ။

အဘယ်ကြောင့် ဆိုသော် ထိုအချိန်မှ စ၍ ဖော်ဆက်တို့ လူစုအကြောင်းကို မည်သည့်အခါမျှ မကြားရတော့ပေ။

ထိုအချိန်မှ စ၍ အခြားခရီးသွားအဖွဲ့များ လည်း ဖော်ဆက်၏ ကံကြမ္မာကို စူးစမ်းရှာဖွေရန် သွားရောက်ကြ၏။

ယင်းကဲ့သို့ သွားရောက်ကြသော အဖွဲ့များ အနက် အဖွဲ့တစ်ဖွဲ့မှာ 'ဂျော့ဒေ့ါ'ဆိုသူ စစ်ဗိုလ်တစ် ဦး ခေါင်းဆောင်သော အဖွဲ့ဖြစ်၍ သူ၏ အဖွဲ့သည် ကူယားဘားမြို့မှ မြောက်ဘက်သို့ တက်သွားလေ သည် ။ သို့သော် သူသည် ဖော်ဆက်၏ လူနည်းနည်းနှင့် ကျစ်လျစ်သိပ်သည်းစွာ သွားရမည်ဆိုသော စည်းစနစ်ကိုမလိုက်နာဘဲ သူ၏ အဖွဲ့တွင် နွားထီးကြီး ၆၄ ကောင်၊ မြည်း ၁၀ ကောင်နှင့် လူ ၂၆ ယောက်ပါရှိရာ ထိုသူများ ထဲတွင် ဓာတ်ပုံဆရာနှစ်ဦးနှင့် ကြိုးမဲ့ကြေးနန်း အသံလွှင့်သူနှစ်ဦးပင် ပါဝင် လေသည် ။

လူများ ၍ ဝန်လေးလှသော်လည်း ဂျော့ဒေ့ါ၏ အဖွဲ့မှာ အလုပ်၌ပင် အတော်ခရီးတွင် ခဲ့လေ သည် ။ ယင်းအဖွဲ့သည် မြင်းသေစခန်းသို့ရောက်ခဲ့ရာ ထိုစခန်းသည် ကား ဖော်ဆက်ထံမှ နောက်ဆုံး စာရခဲ့သော နေရာဖြစ်ပေသည် ။ သူတို့ အဖွဲ့သည် ထိုစခန်းမှ 'ကီလေးဆော'မြစ်ကိုစုန်ဆင်းကာ တိုင်းရင်းသားရွာတစ်ရွာသို့ ရောက်ခဲ့ကြ၏။ ထူးဆန်းသည်မှာ ထိုရွာရှိ ရွာအုပ်ကြီး၏ သားကလေး လည်ပင်းတွင် 'ဖော်ဆက်အဖွဲ့' ဟု ကမ္ဗည်းထိုးထားသော ကြေးဝါပြားကလေးတစ်ချပ်ကို တွေ့ရခြင်းဖြစ်လေသည် ။ ရွာအုပ်သည် ဂျော့ဒေ့ါ၏ အဖွဲ့အား'ရီအိုကူလင်း' မြစ်ကိုဖြတ်ပြီးလျှင် သုံးရက်ခရီးမျှ လမ်းပြခေါ်ဆောင်သွားပြီးနောက် အ

ခြားတိုင်းရင်းသားရွာတစ်ရွာသို့ ရောက်ရှိရာ ထိုနေရာ၌ ကား 'ကာလာပါလို'တိုင်းရင်းသားလူရိုင်းများ နေထိုင်လေသည် ။

ထိုနေရာသို့ရောက်လျှင် ၁၉၂၅ ခုနှစ်က ဖော်ဆက်သည် ဤနေရာသို့ ရောက်ရှိလာကြောင်း၊ သို့သော် တစ်ဖွဲ့လုံးမှာ အစာလည်း ပြတ်၊ နာမကျန်းလည်း ဖြစ်၍ လာကြောင်း သူတို့ သည် ထိုနေရာမှ မြစ်၏ အရှေ့ဘက်သို့ လူသူမရောက်ဖူးသော ဒေသများ သို့ ဝင်ရောက်ထိုးဖောက်သွားကြောင်း၊ ငါးရက်တိုင်တိုင် သူတို့ စခန်းချရာ အရပ်မှ မီးခိုးတလူလူကို နေ့စဉ်တွေ့မြင်ရကြောင်း၊ သို့သော် ခြောက် ရက်မြောက်သောနေ့တွင် မီးခိုးများ မမြင်ရတော့သဖြင့် လူရိုင်းများက သတ်ဖြတ်လိုက်ပြီဟု ယူဆရ ကြောင်းဖြင့် သိရှိရ၏။

မည်သို့ပင်ဖြစ်စေ ဂျော့ဒေ့ါသည် တစ်စုံတစ်ခုသောအကြောင်းကြောင့် ယခင်ဖော်ဆက် အသတ်ခံရသည် ဟု ထင်ရသောနေရာသို့ ရောက်အောင်မသွားနိုင်ခဲ့ချေ။ သို့သော် သူသွားခဲ့သောလမ်း မှာ ဖော်ဆက်သွားရောက်ခဲ့သည့်လမ်း အမှန်ပင်ဖြစ်သည် ဟု အစိုးရဌာနက ယုံကြည်လေသည် ။

ကာနယ်ဖော်ဆက်၏ အကြံဉာဏ်နှင့် သူ၏ သူရသတ္တိကို သိသူတိုင်း လေးစားကြည်ညိုကြ၏။ ဤသို့ကြည်ညိုသူများ အနက်'အီရစ်ဟာမန်း'(Eric Hamond) ဆိုသူ ရာဇဝင်ပါမောက္ခတစ်ဦး လည်း ပါဝင်လေသည် ။ သူသည် အသက်အားဖြင့် ၃၂ နှစ်မျှသာ ရှိသေးသော်လည်း မျက်နှာ၌ အချို့ နေရာများ တွင် အရေကလေးများ ပင် တွန့်လိပ်လျက် မျက်လုံးပြာကြီးများမှာ လည်း အရောင်မရှိသကဲ့ သို့ ခပ်မှိုင်းမှိုင်း ခပ်မှုန်မှုန်ရှိနေ၏။ ဆံပင်များမှာ ခွေလိပ်လျက် ဖယောင်းဆီများ ဖြင့် သပ်ရပ်စွာ ဖိနှိပ် ဖြီးပြီးထား၏။ မျက်မှန်အထူကြီးကိုလည်း တပ်ထားသည် ဖြ

စ်ရာ ချိုပေါက်၍ နေသော ဇီးကွက်နှင့်တူ လှ၏။ သို့သော် သူ၏ နုနယ်သော ကိုယ်အတွင်းမှ စိတ်ဓာတ်သည် ကား အကယ်ပင် ဖွဲနပဲကြီး၍ စွန့်စားလိုသော စိတ်ဓာတ်ပေတည်း။

သို့နှင့် သူသည် ၁၉၄၇ ခုနှစ် နွေရာသီကျောင်းပိတ်ရက် ကုန်ဆုံးသောအခါ အလုပ်မှ တစ်ခါ တည်း ထွက်လိုက်ပြီးနောက် မကြာမီပင် ရီယိုဒီဂျနေရိုးမြို့သို့ သင်္ဘောဖြင့် သွားရောက်လေသည် ။

အီရစ်၏ အကြံအစည်မှာ သေချာလှ၏။ သူသည် ကြိုးပမ်းရာ၌ မိမိ၏ အသက်ပင် ဆုံးရှုံး စေကာမူ ဖော်ဆက်၏ ပျောက်ကွယ်နေသော ရွှေမြို့တော်ကြီးကို ရှာဖွေတော့အံ့။ ဤကဲ့သို့ မည်သည့် လူသားမျှ မရောက်မပေါက်သေးသော တောကြီးတောင်ကြီးများ ၏ အလယ်တွင် ဤရွှေမြို့တော်ကြီး တည်ရှိသည် ဆိုခြင်းကို ယုံကြည်၏။ ကာနယ်ဖော်ဆက်သည် မဟုတ်မမှန်ဘဲနှင့် ဤမြို့ကြီးတည်ရှိ ကြောင်း ရေးသားထားခဲ့မည်မဟုတ်ပေ။ သို့သော် ခများမှာ အချိန်မတိုင်မီ လူရိုင်းတို့ လက်ချက်ဖြင့် အသက်ဆုံးရှုံးရခြင်းဖြစ်ပေမည်။

ရီယိုဒီဂျနေရိုးမြို့သို့ ရောက်သောအခါ သူသည် အစိုးရရွှေတိုက်တော်အတွင်းမှ ရှာဖွေတွေ့ရှိရ သော ပေါ်တူဂီလူမျိုးများ ၏ မူရင်းစာကိုလည်းကောင်း၊ ကာနယ်ဖော်ဆက်၏ အတ္ထုပ္ပတ္တိအကြောင်း ခြင်းရာများကိုလည်းကောင်း တစ်နေ့မပြတ် လေ့လာလျက်ရှိလေ၏။

သို့နှင့် သူသည် မြို့မှ ထွက်ခွာခဲ့ပြီးလျှင် အနောက်ဘက်သို့ လေယာဉ်ဖြင့်လည်းကောင်း၊ လင့်ရိဗာကားဖြင့်လည်းကောင်း၊ လှေပိန်းကောများ ဖြင့်လည်းကောင်း တစ်ယောက်တည်း စွန့်စား သွားရောက် ရှာဖွေလေသည် ။ နောက်ဆုံးတွင် 'ပေဖိုးတိုး'ခေါ် တိုင်းရင်းသားလူရိုင်းများ နေသော ရွာငယ်ကလေးတစ်ခုသို့ ရောက်ခဲ့ရာ ယင်းနေရာ

သည် ကား မာတူဂရိုးဆူးကုန်ပြင်မြင့်၏ အရှေ့ဖျား ပင်ဖြစ်ပေသတည်း ။

ကံအားလျော်စွာ အီရစ်သည် ဤရာတွင် ‘ဂျွန်နာသန်ဆိုသူ ခရစ်ယာန် သာသနာပြုဘုန်း တော်ကြီးတစ်ပါးကို တွေ့ရှိရ၍ မကြာမီ ရင်းနှီးသောမိတ်ဆွေအဖြစ်သို့ ရောက်ရှိလာကြ၏။ ထိုဘုန်း တော်ကြီးမှာ ဤနေရာသို့ လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်ကပင် စွန့်စွန့်စားစား ရောက်ရှိလာခဲ့သူ ဖြစ်လေသည် ။ တစ်နေ့ထက်တစ်နေ့ ခင်မင်ရင်းနှီးလာကြသောအခါ အီရစ်က ဘုန်းတော်ကြီးအား မိမိသည် ဤနေရာမှ အနောက်ဘက်သို့သွားရန် အကြံအစည်နှင့် လာရောက်ကြောင်း၊ ထိုနေရာတွင် ရှေးအခါက ပေါ်တူဂီ စွန့်စားရှာဖွေသူများ တွေ့ရှိခဲ့သည် ဆိုသော အမည်မသိ တောင်တန်းကြီးများ အလယ်တွင် ရှိသည့် ဆီးနှင်းများ ဖုံးအုပ်နေသော တောင်ထွတ်များ ရှိရာသို့ အရောက်သွားမည်ဖြစ် ကြောင်းဖြင့် ပြောပြလေသည် ။

ထိုအခါ ဘုန်းတော်ကြီးလည်း ယခင်က ဖော်ဆက်စွန့်စားရှာဖွေခဲ့ဖူးသည့် ပျောက်ကွယ်နေ သော မြို့ကြီး (ရွှေမြို့တော်ကြီး) ကိုရှာဖွေရန်သွားမည်ဖြစ်သော အီရစ်၏ အဖော်မပါနဲ့နဲ့ စွာသွားရမည့် ခရီးကြမ်းကို ကြားသိရသောအခါ အလွန်ပင်အံ့ဩလျက် မသွားရန်တားမြစ်ခဲ့လေသည် ။

သို့နှင့် တစ်နေ့သော ညဥ့်အချိန်ဝယ် ဘုရားရှိခိုးကျောင်းကလေး၏ အပြင်ဘက် ဝါးဖြင့် ပြုလုပ်ထားသော ဝရန်တာတွင် ထိုင်ရင်း ဘုန်းတော်ကြီးက အီရစ်အား ...

"ဒီလိုကွယ့် သူငယ်ရဲ့ ၊ မင်းဟာ အသက်ငယ်ငယ်ပဲရှိသေးတယ်၊ ငါကတော့ အသက်ကြီးပြီး ဗဟု သုတနဲ့ လည်း အတော်ပြည့်စုံပြီး၊ ငါဟာ

ဒီတော်ကြီးခေါင်ခေါင် လူရိုင်းတွေကြားထဲမှာ နေလာတာ ၁၂ နှစ်ရှိပြီ။ သတိဝီရိယနဲ့ ဉာဏ်ကိုရှေ့ထားပြီး ဘုရားသခင်ကလည်း ကယ်တင်ထားလို့ ငါ့အသက် ချမ်းသာနေတာ။ ဒီတော့ ငါ့စကားနားထောင်ပါကွယ်။ ဖော်ဆက်ဆိုတဲ့ သူနဲ့ သူ့စိတ်ကူးယဉ်အိပ်မက် ဖြစ်တဲ့ ရွှေမြို့တော်ကြီးကို မင်းစိတ်ထဲက တစ်ခါတည်း ဖျောက်ဖျက်ပစ်လိုက်စမ်းပါ"

ဘုန်းတော်ကြီးသည် သူ၏ စာအုပ်စင်ပေါ်မှ ဖုန်အလိမ်းလိမ်းကပ်လျက်ရှိသော မြေပုံလိပ်ကြီး ကို ဆွဲယူလိုက်ပြီးလျှင် ကြမ်းပေါ်တွင် ဖြန့်လိုက်ပြီးနောက် "ဒီမှာ ကြည့်စမ်း အီရစ်၊ ငါသာသနာပြု ရမယ့်နေရာဟာ မာတူဂရိုးဆူးရဲ့ ဟောဒီအရှေ့ဘက်ဖျားပဲ။ လွန်ခဲ့တဲ့ လေးငါးဆယ်နှစ်အတွင်းမှာ ဘယ်လူဖြူမျှ ဒီကနေပြီး အတွင်းဘက်ကို မရောက်ဖူးဘူး"

ထို့နောက် ဘုန်းတော်ကြီးသည် မြေပုံပေါ်ရှိ ကွက်လပ်တစ်ခုကို လက်ညှိုးဖြင့်ထောက်ပြီး နောက် -

"ဟောဒီနေရာဟာ 'ချီဗန်တီ'ဆိုတဲ့ တောင်အမေရိကတိုက်မှာ ကြောက်စရာအကောင်းဆုံး လူရိုင်းတွေနေတဲ့ နေရာပဲ"

ဘုန်းတော်ကြီးသည် ကုလားထိုင်နောက်မှီကို မှီလိုက်ကာ အီရစ်၏ ကြည်လင်သန့်ရှင်းသော မျက်နှာကို ကြည့်ရှုလျက်ရှိ၏။ သို့သော် အီရစ်၏ မျက်နှာပေါ်၌ ကား ကြောက်စိတ်ဟူ၍ တစ်စုံတစ်ရာ ပေါ်လာသည်ကို မတွေ့ရချေ။ (ထို့နောက် တစ်ဖန် ဘုန်းတော်ကြီးကဆက်လက်၍ ) " ဒီချီဗန်တီဆိုတဲ့ လူရိုင်းတွေဟာ အစုလိုက် အပြုံလိုက်သတ်နေတဲ့ သက်သက်လူသတ်သမားတွေပဲကွယ်။ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က ဒီဒေသကို စူးစမ်းရှာဖွေရအောင်ဆိုပြီး လက်နက်အပြည့်အစုံ တပ်ဆင်ထား တဲ့ လူ ၂၅၀ စစ်တပ်ဟာ ဘာဖြစ်သွားလဲ သိလား"

အီရစ်က မသိမသာပြုံးလိုက်ပြီးနောက် -

"ကြောက်စရာကောင်းတဲ့ ကိစ္စတွေများ ဖြစ်ပါသလား ဖခင်"

ဘုန်းတော်ကြီးက -

"ကြောက်စရာကောင်းတယ်ဆိုတာတော့ မပြောနဲ့ တော့၊ ဒီစစ်တပ်ဟာ ဘာဖြစ်သွားတယ် ထင်သလဲ၊ တစ်ယောက်မျှ မကျန်ဘူး။ စစ်တပ်တစ်တပ်လုံး ပြုတ်ပြုတ်ပြုန်းသွားတာပဲ။ စစ်ဘက် လေယာဉ်ပျံတွေက အခင်းဖြစ်ပွားတဲ့ နေရာကို ဓာတ်ပုံရိုက်ယူခဲ့ကြတယ်။ စစ်သားတို့ ရဲ့ အလောင်းတွေ မှာ ချီဗန်တီလူရိုင်းတွေရဲ့ ပြောင်းတံထဲထည့်မှုတ်တဲ့ အဆိပ်လူးမြားတွေက သူတို့ ကိုယ်ပေါ်မှာ အပ်ချ စရာမရှိအောင် ပြည့်နေတာပဲ။ တစ်ယောက်ဆိုတစ်ယောက်မျှ မလွတ်ဘူး။ အားလုံးသေတယ်။ မင်းဟာ အခု ခရီးဆက်သွားချင်တယ် ဟုတ်စ၊ ဒီတော့ စဉ်းစားပေ့ါကွယ် ... "

အီရစ်က -

"ဖခင်ပြောတာ မှန်ပါလိမ့်မယ်၊ ကျွန်တော်ဟာ ဖခင်ကိုလေးစားပြီး ရိုသေကိုင်းရှိုင်းပါတယ်။ ဖခင်အခုလို အကြံပေးတာကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဖခင်ဟာ တရားဓမ္မကို ယုံကြည်သလို ကျွန်တော်လည်း ပျောက်ကွယ်နေတဲ့ ရွှေမြို့တော်ကြီးကိုရှာဖို့ သန္နိဋ္ဌာန်ချပြီးပါပြီ။ ကျွန်တော်ဟာ တစ်ယောက်တည်းဖြစ်တဲ့ အတွက် သူတို့ ကို အံမတုနိုင်ဘူးဆိုတာ ကျွန်တော်သိပါ တယ်။ ဒါကြောင့် ဖခင်အကြံပေးတဲ့ အတိုင်း အင်္ဂလန်ကိုပြန်ဖို့ ရှိတာပဲ၊ နို့ပေမဲ့ ကျွန်တော့်ဝမ်းထဲမှာ ဘာရယ်လို့ မပြောနိုင်တဲ့ အလွန်စူးရှတဲ့ တန်ခိုးသတ္တိတစ်ခုဟာ ရှေ့သို့မတိုးတိုးအောင် အမြဲလှုံ့ဆော် တိုက်တွန်းနေပါတယ် ဖခင်။ နက်ဖြန်မနက် မိုးသောက်မှာ ကျွန်တော် ဒီနေရာက ခရီးထွက်ပါတော့

မယ် ဖခင် ..."

သာသနာပြုဘုန်းတော်ကြီး ဂျွန်နာသန်၏ အကြံပေးတားမြစ်ချက်များက အချည်းနှီးပင်ဖြစ်ခဲ့ လေပြီ။ ဘုန်းတော်ကြီးသည် အီရစ်၏ စွန့်စားရှာဖွေမှုကို သဘောကျသည် မကျ သည် အပထား၍ ဗြိတိ သျှလူမျိုးလူငယ် လူရွယ်များ တို့ ၏ စွန့်စားလို သောစိတ်ဓာတ်ကို စိတ်ထဲမှ ချီးကျူးမိလေသည် ။ သို့နှင့် နောက်ဆုံး၌ အီရစ်အား လက်လျှော့လိုက်ရပြီးလျှင် ဘုန်းတော်ကြီး ဂျွန်နာသန်မှာ အောက်စဖို့ တက္ကသိုလ်၌ နေစဉ်ကပင် ငှက်များ မွေးမြူရန် ဝါသနာပါ သူတစ်ယောက်ဖြစ်သည့်အတိုင်း သူပိုင်သော ခိုအုပ်ထဲမှ စာများ သယ် ယူပို့ဆောင်တတ်သည့် ခို ၁၃ ကောင်ကို သူနှင့်အတူ ယူသွားရန် အီရစ် အား အကြံပေးလေသည် ။

ထို့အပြင် နှစ်ဦးစလုံးပင် လက်ရေးတိုများ တတ်သည့်အတိုင်း စာဖြ င့် အဆက်အသွယ်ပြုလုပ် က လက်ရေးတိုနည်းဖြင့် မည်သို့မည်ပုံ ရေး သားကြမည်ကို ကြိုတင်ညှိနှိုင်းစီစဉ်ကြ၏။ အီရစ်က သူခရီးထွက်သွားပြီးနောက် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကျ ၁၃ ပ တ် ဆက်လက်ကာ သူစွန့်စား ရှာဖွေပုံအဖြစ်အပျက်များကို အကျဉ်းချုံး ၍ လက်ရေးတိုဖြင့် ရေးသားပြီးလျှင် အထူးတလည်ပြုလုပ် ထားသော သတ္တုကျည်တောက်ကလေးသို့ သိမ်း၍ ခို၏ ခြေတွင် ချည်နှောင်ပေးပို့ရ န် ကတိပြုလေ သည် ။ ရည်ရွယ်ချက်မှာ လူသူမပေါက်ရောက်သည့် တောကြီးမျက်မည်းအတွင်းသို့ တစ်ကိုယ်တည်း စွန့်စားသွားရောက်လျှ က်ရှိစဉ် လူယဉ်များ နေထိုင်ရာဌာနနှင့် လုံးဝအဆက်အသွယ် မပြတ်စေ ရန် လည်းကောင်း၊ သူရောက်ရှိသွားသော နယ်ပယ်ဒေသများကို အကြ မ်းဖျင်းအားဖြင့် လူအများ သိရှိစေ ရန်လည်းကောင်း ဖြစ်လေသည် ။ ဤသို့ဖြင့် သူရောက်ရာဒေသကို ခန့်မှန်းနိုင်သလောက် ခန့်မှန်းနိုင် ပြီး

လျှင် ဘေးဥပဒ်အန္တရာယ်နှင့် တွေ့ကြုံရသည် ဖြစ်စေ၊ နာဖျားမကျန်းရှိသည် ဖြစ်စေ အီရစ်ထံသို့ အကူအညီလွှတ်ရန် ဘုန်းတော်ကြီးက သဘောတူလေသည် ။

သို့နှင့် နံနက်ဝေလီဝေလင်းအချိန်၌ သူတို့ သည် ဂျူရူနာမြစ်ကလေး ရှိရာသို့ ဆင်းလာကြ၍ အီရစ်ကလည်း သူ၏ အသုံးအဆောင်ကလေးများ နှင့် ပေါ့ပေါ့ပါးပါးယူဆောင်နိုင်သည့် စားရေးရိက္ခာ ကလေးများ နှင့်အတူ ခို ၁၃ ကောင်ကို တစ်ကောင်စီသီးခြားထည့်ထားသော ခိုအိမ်တစ်ခုကိုပါ သူ၏ ပိန်းကောငယ်ပေါ်သို့ တင်လေသည် ။ ယင်းပစ္စည်းများ အပြင် အီရစ်၌ ခြောက်လုံးပြူးသေနတ်ကလေး တစ်လက်၊'အင်ဖီး'အမျိုးအစား ရိုင်ဖယ်သေနတ်တစ်လက်နှင့် ယမ်းတောင့် ၃၀ ပါရှိ၏။

ဤသို့ပြင်ဆင်ပြီးသော် အီရစ်သည် ဘုန်းတော်ကြီးအား နှုတ်ဆက်လေရာ ဘုန်းတော်ကြီး သည် ကျန်းမာချမ်းသာစွာ ပြန်ရောက်စေရန် ဆုမွန်များ တောင်းလေ၏။ ထို့နောက် မကြာမီ အီရစ်၏ ပိန်းကောငယ်သည် ချောင်းကွေ့တစ်ခုကိုလွန်ကာ ပျောက်ကွယ်သွားလေသည် ။ ထိုအကြိမ်သည် ကား အီရစ်အား နောက်ဆုံးမြင်ရသော အကြိမ်ဖြစ်၍ သူ့အား နောင်မည်သည့်အခါမျှ အသက်ရှင်လျက် မတွေ့ရတော့ပေ။

အီရစ်ကား မာတူဂရိုးဆူးခေါ် ငရဲစိမ်းကြီးအတွင်းသို့ တစ်ကိုယ်တည်းဝင်ရောက်ကာ လူတို့ ၏ လောကမှ လုံးဝပျောက်ကွယ်၍ သွားလေတော့၏။

ပထမရက်သတ္တတစ်ပတ် ကုန်သောအခါ၌ ဘုန်းတော်ကြီး ဂျွန်နာသန်သည် အီရစ်ထံမှ စာပို့ ခိုများ ရောက် လာလေမည်လားဟု တစ်နေ့လျှင် အကြိမ်ပေါင်းများ စွာ မကြာခဏ ခိုအုပ်ကို စစ်ဆေး ကြည့်ရှုလျက်ရှိ

၏။ တစ်ပတ်မှ နှစ်ပတ် သုံးပတ် လေးပတ်အထိ မရောက်ရှိချေ။ သို့သော် ခြောက်ပတ် ကျော်လွန်သည့် နေ့တစ်နေ့၌ စာကျည်တောက်ခြေတွင် ဆွဲလျက်ပြန်လာသော ခိုတစ်ကောင်ကို အံ့သြ စွာ တွေ့ရှိရလေသည် ။ ဘုန်းတော်ကြီးသည် တုန်ယင်သောလက်များ ဖြင့် ကျည်တောက်ကို ဖွင့်လိုက် ၏။ အတွင်း၌ ကား ကျစ်လျစ်စွာလိပ်ထားသော တစ်လက်မခန့်သာရှိသည့် စက္ကူပါးချပ်ကလေး တစ်ချပ်ပါရှိလေသည် ။

ဤစာသည် ကား အီရစ်ထံမှ ခြောက်ကြိမ်မြောက်စေလွှတ်သည့် စာပို့ခိုသယ်ဆောင်လာသော စာဖြစ်ကြောင်း စာရွက်ထိပ်၌ အမှတ်အသားပါရှိလေသည် ။ လက်ရေးတိုဖြင့် အောက်ပါအဓိပ္ပာယ်ပါ ရှိသည့် စာလုံးများကို ရေးသားထားလေသည် ။

*

"ကျွန်တော့်မှာ မတော်တဆ ထိခိုက်မိသဖြင့် အနည်းငယ် နာမကျန်းဖြစ်နေပါသည် ။ သို့သော် ဒဏ်ရာရသော လက်ဝဲဘက်ခြေထောက်မှာ အတန်ငယ်သက်သာလာပါပြီ။ အကယ်၍ တိုင်းရင်းသား လူရိုင်းအချို့ ( အထူးသဖြင့် လူရိုင်းမလေးတာန)တို့ နှင့်သာ မိတ်ဆွေမဖြစ်ခဲ့ပါလျှင် ကျွန်တော်၏ သင်္ချိုင်းရာမှာ လူမရောက်သော ဒေသရှိတစ်နေရာတွင် ရှိနေပါတော့မည်။ တိုင်းရင်းသားများ သည် ကျွန်တော့်အား စိတ်ဝင်စားကြ၍ ကျွန်တော်၏ တစ်သက်တွင် သူတို့ နှင့်အမြဲတမ်း အတူနေနိုင်ရန် ရှိပါသည် ။ ကျွန်တော်သည် တစ်ချိန်က မေ့မြောသွားပြီးနောက် သတိပြန်၍ ရလာသော ကျွန်တော်၏ မျက်လုံးအစုံမှာ တိုင်းရင်းသူမိန်းမချောကလေး တာနာ၏ မျက်လုံးများ နှင့် ဆိုင်နေမိပါတော့သည် ။ မေးမှိန်၍ ပြာနုနု

အရောင်ရှိသော ၎င်း၏ မျက်လုံးများ သည် ကျွန်တော်သေပြီးသည့်နောက်မှ ကောင်းကင်ဘုံသို့ ရောက်နေလေသလောဟု ကျွန်တော့်အား ထင်မှတ်စေခဲ့ပါသည် ။ သူမ၏ တိုင်းရင်းသူ'တာနာ'ဟူသော အမည်ကိုပင်'ဟီသာ'ဟု လူယဉ်ကျေးတို့ အမည်သို့ ပြောင်းလိုက်ပြီး လျှင် သူ့အား အင်္ဂလိပ်စာကိုပင် ကျွန်တော်က သင်ကြားပေးနေပါသည် ။ နက်ဖြန် ကျွန်တော်ခရီးထွက် ရန် စီစဉ်ထားပါသည် ။ ကျွန်တော် ရှာဖွေတွေ့ရှိလိုသော နေရာကား ဤနေရာမှ ငါးရက်ခရီးမျှသာ လိုတော့ကြောင်း သိရပါသည် "

**ဘုရားသခင်စောင်မပါစေ**
**အဲရစ်**

ဘုန်းတော်ကြီးသည် မျက်မှန်ကြီးကို ဖြုတ်လိုက်ပြီးလျှင် ပတ်ဝန်းကျင်ရှိ စိမ်းလန်းသော တောတောင်များကို အတွေးခေါင်သော မျက်လုံးများ ဖြင့် ကြည့်ရှု၍ နေရှာ၏။ ထို့နောက်"ဒီသူငယ်ကို ဘုရားသခင် စောင်မပါစေ" ဟု နှုတ်မှ တီးတိုးရေရွတ် လိုက်လေသည် ။

ဤစာအရ ဆိုသော် အီရစ်ထံမှ လွှတ်လိုက်သော ခိုများ အနက် ပထမလွှတ်သော ခိုငါးကောင် ပျောက်ဆုံးနေပြီးလျှင် ဆဋ္ဌမမြောက်ခိုသာလျှင် ရောက်ရှိလာခြင်းဖြစ်သည် ဟု ယူဆရပေမည်။ အီရစ် ၏ ခြေတစ်ဖက်၌ ဒဏ်ရာရ၍ ဖူးရောင်နေသည် ဆိုခြင်းမှာ လည်း မိကျောင်းကိုက်ခြင်းသော်လည်း ကောင်း၊ မြွေကိုက်ခြင်းသော်လည်းကောင်း၊ တိုင်းရင်းသား လူရိုင်းတို့ ပစ်ခတ်သော အဆိပ်လူးမြား၏ ဒဏ်ရာသော်လည်းကောင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် တိုင်းရင်းသားများက အီရစ်၏ အသက်ကို ကယ်ဆယ်လိုက်ကြ၏။

ဘုန်းတော်ကြီးသည် နောက်ထပ်ရောက်ရှိလာမည့် စာပို့ခိုများကို

မျှော်လင့်အားကြီးစွာဖြင့် စောင့်ဆိုင်းလျက်ရှိလေ၏။ သို့သော် နောက်ထပ်ရက်သတ္တပတ် ခြောက်ပတ်အတွင်း တစ်ကောင်သော စာပို့ခိုမျှ ရောက်မလာချေ။ ထို့နောက် ရက်အနည်းငယ်အတွင်း ဧကာဒသမ (၁၁ ကြိမ်မြောက် လွှတ်သော) စာပို့ခိုသည် အောက်ပါမကောင်းသတင်းပါရှိသည့် စာတစ်စောင်ကို ယူဆောင်လာခဲ့လေ သည် ။

*

"ကျွန်တော်သည် အဖျားတွင် ဆီးနှင်းများ ဖုံးအုပ်နေသည့် တောင်များ သို့ရောက်ပါသည် ။ သို့သော် အလွန်ဒုက္ခကြီးသော အခြေအနေ၌ ရှိနေပါသည် ။ ကျွန်တော်၏ ပိန်းကောလှေငယ်နှင့် လေးလံသော ရိုင်ဖယ်သေနတ်ကြီးကို တောနက်များ ထဲတွင် အသုံးမချနိုင်သဖြင့် စွန့်ပစ်ခဲ့ရပါသည် ။ စားရေရိက္ခာများ ကုန်သည် မှာ ရက်ပေါင်းပင် အတော်ကြာပြီဖြစ်၍ သစ်သီးသစ်ဥများကိုသာ စားသောက်နေရပါသည် ။ ရာသီဥတုကလည်း အဆမတန် အေး လာပြီဖြစ်၍ ညဥ့်များ တွင် မအိပ်နိုင် ပါ။ ဤနေရာမှ ပြန်လျှင် တိုင်းရင်းသူကလေး'ဟီသာ'သည် ကျွန်တော့်အား စောင့်မျှော်ကြိုဆိုနေ မည်ကို သိပါ၏။ သို့သော် ဤနေရာသို့ ရောက်မှ ပြန်ရမည်ဆိုလျှင် မဖြစ်နိုင်ပါ။ ဆီးနှင်းများ ဖုံးအုပ် လျက် ဖြူဖွေးသောတောင်ထိပ်များ ပေါ်သို့ တက်ရန် ကျွန်တော့်စိတ်ကို တား၍ မရပါ။ နောက်ဆုံး အောင်မြင်ခြင်းသော်လည်းကောင်း၊ အပြီးသတ် ကျဆုံးခြင်းသော်လည်းကောင်း တစ်ခုခုနှင့် ရင်ဆိုင် ရပေတော့မည်။ ထိုတောင်ထိပ်များ ရှိရာ ဒေသအလယ်တစ်နေရာရာတွင် ကား ဖော်ဆက်၏ ရွှေအတိ ပြီးသော မြို့တော်ကြီးကို ကျွန်တော်တွေ့လိမ့်မည်ဟု မျှော်

လင့်ပါသည် ။ အကယ်၍ မတွေ့ခဲ့သော် ယင်းအပြုအမူသည် အနီးဆုံး ဂု ဏ်ယူထိုက်သည့် စွန့်စားမှုတစ်ခုပင် ဖြစ်ပါတော့သည် "

ကျွန်တော့်အတွက် ဆုမွန်တောင်းပါဖခင်
အီရစ်

*

ဘုန်းတော်ကြီးသည် စာကိုကိုင်ရင်း ငေးမှိုင်တွေဝေ၍ နေမိ၏။ နဖူးကြောကြီးများ တင်းကာ များ စွာ စိုးရိမ်ပူပန်လျက်ရှိရှာ၏။ အီရစ် ရောက်နေသောနေရာကို တွေ့လိုတွေ့ငြား စာကို အကြိမ်ကြိမ် ပြန်၍ ဖတ်၏။ သို့သော် လက်ရေးတိုဖြင့် ရေးသားသော စာရွက်ကလေးပေါ်တွင် နေရာကိုဖော်ပြသော အထိမ်းအမှတ်ဟူ၍ မည်သည့်နေရာတွင် မျှ မပါရှိချေ။

အမှန်သော် သူသည် တိုင်းရင်းသားများ ခေါင်းမွေးနီချီဗန်လူရိုင်းများ တို့ နှင့် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံနိုင်လျက် သူတို့ နေထိုင်ရာ နယ်နိမိတ်ကိုကျော်လွန်ကာ ငါးရက်မျှအကြာတွင် အမည်မဖော်ပြနိုင်သော ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် အနောက်ဘက်တောင်ခြေသို့ ရောက်သွား ပေလိမ့်မည်။

ဘုန်းတော်ကြီးသည် နီးစပ်သော တိုင်းရင်းသားလူရိုင်းအချို့က အုပ်စုဖွဲ့ကာ အီရစ်အား လိုက်လံရှာဖွေရန် ကြံစည်မိသေး၏။ သို့သော် အသေအချာစဉ်းစားပြီးနောက် အကြံကို လက်လျှော့ လိုက်ရလေသည် ။ ထိုနေရာများ သည် ကား အထူးသဖြင့် မျက်နှာဖြူများ မဝင်ရောက်ရန်

တားမြစ် ထားသည့် အလွန်နက်ခေါင်သော လူရိုင်းတို့ နယ်ပယ် ဖြစ်၏။ ထို့ပြင် အမျိုးပေါင်း (၁၀)မျိုးမျှမက သော ရက်စက်ကြမ်းကြုတ်သည့် လူရိုင်းမျိုးများ ၏ ပင်ရင်းဒေသလည်း ဖြစ်၏။ အခြားအခက်အခဲ တစ်ခုမှာ လူတို့ ထိုးဖောက်ဝင်ရောက်ခြင်းငှာ မတတ်နိုင်သော တောအုပ်ကြီးများ ကာဆီးနေခြင်းဖြစ် လေသည် ။ ထိုအခက်အခဲများကို ကျော်လွန်၍ ဆီးနှင်းတောင်ထွတ်များ သို့ ရောက်အောင်သွားရန်မှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် စစ်တပ်တစ်တပ်မျှပင် လိုပေလိမ့်မည်။ ဘုန်းတော်ကြီး သည် ဤအကြောင်းများကို ကောင်းစွာသိရှိပြီးဖြစ်လေသည် ။ နောက်ဆုံးတွင် ဘုရားရှိခိုးကျောင်း ကလေးဆီသို့ သွားရောက်ကာ အီရစ်၏ အသက်ချမ်းသာပေးပါရန် ဘုရားသခင်ထံ ဆုမွန်ကောင်းတောင်းရင်းဖြင့် အချိန်များကို ကုန်လွန်ရရှာလေသည် ။

ထို့နောက် ရက်များ သည် ကား တစ်ရက်လျှင် တစ်ကမ္ဘာမျှ ကြာသလောက် ထင်မှတ်မိတော့ ၏။ ရက်သတ္တတစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်မျှကျော်လွန်ခဲ့ပြီးနောက် (၂၄)ရက်မြောက် နေသာသောနေ့ တွင် စာပို့ခိုကလေးတစ်ကောင် အမှတ်မထင် ရောက်ရှိ လာလေသည် ။ ဘုန်းတော်ကြီးသည် အီရစ်၏ ကံကြမ္မာကို သိလိုလှပြီဖြစ်၍ ခို၏ ခြေထောက်မှ စာကျည်တောက်ကလေးကို ကပျာကသီဆွဲယူကာ စာကိုထုတ်၍ ဖတ်လေသည် ။ ထိုစာသည် ကား ခို (၁၃)ကောင်အနက် တေရဒသမ (၁၃ ကြိမ်မြောက်) နောက်ဆုံးခိုဖြစ်ကြောင်း သိရလေသည် ။ စာတွင် ပါရှိသည် ကား ...

*

"ကြောက်မက်ဖွယ်ကောင်း၍ အေးစက်ကြမ်းကြုတ်လှသော သေမင်း၏ လက်သည် ကျွန်တော့်အား မကြာမီ ဆုပ်ကိုင်ဖျစ်ညှစ်တော့မည်ကို ကျွန်တော်သိရပါပြီ။ ကျွန်တော်၏ နောက်ဆုံး အချိန်များ တွင် ကျွန်တော်လွှတ်လိုက်သော ခိုအားလုံး ဖခင်ထံ ချောမောစွာရောက်ရှိရန်သာ ဆုမွန် ကောင်းတောင်းရပါတော့မည်။ ကျွန်တော့်မှာ စာရေးရန်ပင် အနိုင်နိုင် အင်အားရှိပါတော့သည် ။ သို့သော် ကမ္ဘာသူ ကမ္ဘာသားများအား မွန်မြတ်သော'အသိ'တစ်ခုပေးနိုင်ခဲ့သည် ကိုပင် ကျေနပ်နှစ် သိမ့်မိပါတော့သည် ။ ခိုနံပါတ် ၁၂ နှင့် ကျွန်တော်ပေးပို့လိုက်သော မြေပုံကို ရရှိလိမ့်မည်ဟု မျှော်လင့် ပါသည် ။ ဤသို့ဖြင့် ဖခင်နှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများ ပါ'ရို' (Ro)ခေါ် ရွှေမြို့တော်ကြီး တည်နေရာဌာနကို သူနိုင်စေရန်ဖြစ်ပါသည် ။ ဤ 'ရို'မြို့တော်ကြီးသည် ကား 'အတ္တလန္တိတ်'တိုက်ကြီး၏ မြို့တော်ဖြစ်ခဲ့ဖူးလေသည် ။ ယင်းမြို့တော်ကြီးသည် ကား ခမ်းနားကြီးကျယ်သည့်နေရာတွင် မယုံနိုင် အံ့ဘနန်းဖြစ်၍ ရွှေဖြင့်ပြီးသော ပိရမစ်သင်္ချိုင်းရာများ ၊ ပန်းနုရောင် ကျောက်ဖြူဖြင့်ဆောက် လုပ်ထားသည့် တန်ဆောင်းနှင့် အခြားအဆောက်အအုံကြီးများ တို့ ဖြင့် ပြည့်လျှက်ရှိ၏။ မင်းလမ်းမ ကြီးပေါ်တွင် လူ၏ အရွယ်အစားမျှရှိသော ရွှေအတိရုပ်တုပေါင်း (၁၈၀) ရှိသည် ကို ကျွန်တော်ကိုယ် တိုင် ရေတွက်ကြည့်ရပါသည် ။ သို့သော် မြင့်မားကြီးကျယ်သည့် အဆောက်အအုံကြီးများ နှင့်တကွ ရွှေသားရုပ်တုများ ပါ မြေငလျင်ဒဏ်ကြောင့် လဲပြိုပျက်စီးနေကြပါပြီ။ ဘုရားသခင်၏ အကူအညီဖြင့် ကျောက်စာဘက်ဆိုင်ရာ ပါရဂူကြီးများ ၊ ရာဇဝင်ဆရာကြီးများ ၊ သမိုင်းပုဂ္ဂိုလ်ကျော်များ ပါဝင်သည့် သူတစ်စုကိုဖွဲ့စည်းကာ ကမ္ဘာဦးအစကပင် အံ့သြဖွယ်ရာတည်ရှိနေသည့် မြို့ကြီးများ ထဲတွင် ဤအထူး ဆန်းဆုံး အံ့သြဖွယ်ရာ အကော

င်းဆုံးသောမြို့တော်ကြီးကို ဖခင် မကြာမီရှာဖွေတွေ့ရှိနိုင်ပါစေဟု ဆုတောင်းပါသည် ။ ဖော်ဆက်၏ ရေးသားခဲ့သော အကြောင်းအရာများကား ယုံတမ်းစကား မဟုတ်ပါ။ ကျွန်တော့်အတွက် ဆုမွန်ကောင်းတောင်းပါဖခင်၊ ကျွန်တော်၏ အလုပ်လည်း ပြီးပြီဖြစ်၍ ကျွန်တော်သေပျော်ပါပြီ"

**အီရစ်**

*

ဘုန်းတော်ကြီး ဂျွန်နာသန်သည် အထက်ပါစာကို (၁၀)ကြိမ်မက ဖတ်ရှုလျက်ရှိလေသည် ။ ထို့နောက် ဦးခေါင်းကိုမော့ကာ "သြော် အီရစ် အီရစ်မဖြစ်နိုင်တာကို စွမ်းဆောင်နိုင်တဲ့ လူတစ်ယောက် ပဲကွယ်"ဟု ညည်းတွား လိုက်လေသည် ။

ထို့နောက် ဘုန်းတော်ကြီးသည် အီရစ်၏ စာသုံးဆောင်ကို ကျည်တောက်တစ်ခုထဲတွင် ထည့်၍ ယူခဲ့ပြီးလျှင် ချောင်းဖျားရှိ ရွာတစ်ရွာသို့ သူ၏ ပိန်းကောငယ်ဖြင့် ဆန်တက်ခဲ့၏။ သူ၏ အကြံမှာ ထိုရွာရှိ ရီယိုဒီဂျနေးရိုးမြို့သို့ပို့ရန် အငှားလေယာဉ်ပျံတစ်စင်း ငှားမည်ဖြစ်လေသည် ။ သို့သော် ဤအကြံသည် ကား အီရစ်၏ အသက်ကိုကယ်ရန် မဖြစ်နိုင်သလောက် ခဲယဉ်းသောအကြံပေတည်း။

လေးရက်မျှကြာသောအခါ သူသည် ရီယိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိ၍ အဖြစ်အပျက်များကို ဘရာဇီး အစိုးရသက်ဆိုင်ရာဌာနသို့ တင်ပြ၏။ သို့သော် သူတို့ သည် ကား အေးအေးစက်စက်နိုင်လှပြီး လျှင် အကူအညီပေးရန် မလိုလားကြချေ။ ဤသို့ဖြင့် အီရစ်ထံသို့ မည်သည့်အကူအညီမျှ

မလွှတ်နိုင်ဘဲ သီတင်းပတ်ပေါင်း အတော်ပင်ကြာသွားလေသည် ။ သက်ဆိုင်ရာဌာန အကြီးအကဲများက ထိုဒေသ တစ်ဝိုက်တွင် ကောင်းကင်မှ လေယာဉ်ဖြင့်ရိုက်ကူးထားသော ဓာတ်ပုံများကို ရှာဖွေကြည့်ရှု၏။ သို့သော် လိုအပ်သောနေရာကို ရှာဖွေရန်ကား ခဲယဉ်းလှတော့၏။ အဘယ်ကြောင့် ဆိုသော် ဘရာဇီး နယ်နှင့် ဗိုလီးဗီးယားနယ်စပ်ကြားတွင် တောင်တန်းများ စွာရှိ၍ မည်သည့်တောင်တန်း၌ ဤပျောက် ဆုံးနေသော ရွှေမြို့တော်ကြီးရှိသည် ကို မည်သည့်နည်းနှင့်မျှ မသိနိုင်ချေ။

ဤသို့မသိနိုင်သောအခါ သက်ဆိုင်ရာဌာနတို့ က 'ရို' ခေါ် ရွှေမြို့တော်ကြီးသည် ရာဇဝင် သမိုင်းအရအားဖြင့်လည်းကောင်း၊ လက်တွေ့ အဖြစ်အပျက်အားဖြင့်လည်းကောင်း မရှိကြောင်းဖြင့် ငြင်းဆိုလေသည် ။

ထို့နောက် ဘုန်းတော်ကြီးအား ဤစွန့်စားရှာဖွေရေးသမားကလေး အီရစ်သည် ဘေးဒုက္ခ အမျိုးမျိုးနှင့် တွေ့ကြုံပြီးနောက် နာမကျန်းဖြစ်၍ သတိမရတစ်ချက် ရတစ်ချက်ဖြစ်ကာ ဤသို့သော အခြေအနေတွင် ရွှေမြို့တော်ကြီးကို စိတ်ထဲတွင် စိတ်ကူးယဉ်ရင်း ကယောင်ကတမ်းရေးခြင်းမျှသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်းဖြင့် နောက်ဆုံး ငြင်းပယ် လိုက်လေသတည်း။

***